

# နှင်းလားဟဲ့ ဂျပန်

ဂျပန်ရောက်
ကျောင်းသူတစ်ယောက်၏
ကိုယ်တွေ့ မှတ်တမ်း အပိုင်း (၃)

● မိအိုက အိအိချော

သည်လိုနှင့်ပဲ ဂျပန်အခေါ် Hallru (ホール) ပြောရရင်တော့ စားသောက်ဆိုင် ဝန်ထမ်းအဖြစ်နှင့် ဂျပန်ကိုလေ့လာဖို့ဆိုတဲ့ ပထမခြေလှမ်းကို စတင်ခဲ့ပါပြီ။

ဘာကြောင့် ကျောင်းကဆရာတွေက Hallru ကိုလုပ်စေချင်တာလည်းဆိုတော့အလုပ်ရှာရလွယ်ပြီး အလုပ်ပေါလို့ပါ။ ဂျပန်မှာ အစားသောက်ရောင်းတဲ့ဆိုင်တွေနှင့် စတိုးဆိုင်တွေ နေရာတော်တော်များများမှာ လက်ညှိုးထိုးမလွဲနိုင်အောင်ရှိနေပြီး Hallru လုပ်နိုင်ပြီဆိုရင် အလုပ်အတွက်က သိပ်ပူစရာမလိုတော့တဲ့အနေအထားမျိုးမို့ပါ။

တစ်ပတ်တစ်ခါထုတ်တဲ့ Townwork စာအုပ်တွေမှာ အများအားဖြင့် အလုပ်ခေါ်ကြတာကလည်း စားသောက်ဆိုင်အလုပ်တွေပါ။ ဒုတိယအများဆုံးကတော့ စတိုးဆိုင်တို့ ကုန်တိုက်တို့မှာ Cashier အလုပ်ပေါ့ ဂျပန်လိုဆို Reji (レジ) ပေါ့။

စားသောက်ဆိုင် အလုပ်ကတော့ အစပိုင်းလုပ်စ မရှိတဲ့သူတွေအတွက် အတော်လေးကိုပင်ပန်းပါတယ်။ အဆိုးဆုံးကတော့ Customer များနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံရတာပါပဲ။



သူတို့ရဲ့ လေသံအမျိုးမျိုးနှင့်ပြောတဲ့ အော်ဒါတွေကို Handi (ハンディ) ထဲမှာ မှန်အောင်ရှာပြီး တစ်ချက်နှိပ်သွားနိုင်ပါမှ အဆင်ပြေမှာဖြစ်ပါတယ်။

သေချာ မကြားလိုက်လို့ဖြစ်စေ မီနူးထဲက ဟင်းလျာနာမည်တွေကိုမမှတ်မိသေးလို့Customer ပြောနေချိန်မှာ မျက်လုံးပြူးပြီး ရှာနေရချိန်တွေမှာဖြစ်စေ အင်မတန်မှကို စိတ်ညစ်ရပါတယ်။ ဒါ့အပြင် အော်ဒါအားလုံး မှာပြီးသွားလို့ Send မလုပ်ခင်မှာ Customerကို သေချာအောင်အစအဆုံးပြန်ပြီး Confirm လုပ်ရပါတယ်။ ဒီလိုမှမဟုတ်ပဲ တစ်ခုခုမှားပို့လိုက်မိပြီးတော့မှ Customer ကသူမှာတာဒါမဟုတ်ပါဘူးဆိုရင်ပြဿနာရှင်းရပါပြီ။ ဒါကြောင့် Customer ရှေ့ကို ဟင်းပွဲချအပြီး မျက်နှာကိုကြည့်လိုက်လို့ သူမှာတာ ရောက်လာလို့ ကျေနပ်သွားတဲ့ပုံမျိုးမြင်လိုက်ရတော့မှအလုံးကြီးကျသွားပါတော့တယ်။ ဒီလိုမဖြစ်မချင်းကတော့ သောကကိုရင်မှာပိုက်လို့ တထိတ်ထိတ်နှင့်စိတ်မအေးရပါဘူး။

အဲဒီမှာ ဘာဖြစ်သလဲဆိုတော့ တစ်ဆိုင်လုံး ဝန်ထမ်းတွေက တရုတ်တွေပါ။ တန်းချောနှင့် ဒုတိယတာဝန်ခံကလွဲလို့ ကျန်တာအားလုံးက တရုတ်လူမျိုးတွေ။ တရုတ်ဆိုတော့ ခန်းဂျီးနှင့်ရေးထားတဲ့ အမျိုးအမည်တွေအတွက်က အခက်အခဲမရှိသလို သူတို့ လူမျိုးအစားအစာဆိုတော့ မြင်တာနှင့်ချက်ချင်းသိပေမယ်လို့ကိုယ်တွေအဖို့ကတော့ အရမ်းကိုခက်ခဲပါတယ်။ သည့်တော့ ဟင်းပွဲထွက်လာရင် စားဖိုမှူးကိုမေးရသလို သူတို့ကိုလည်းမေးရပါတယ်။

ဟင်းပွဲသယ်လာတဲ့ လမ်းတစ်လျှောက်လုံးမှာလဲ ဟင်းနာမည်ကို မမေ့အောင် မှတ်လာရပါသေးတယ်။ ဘာကြောင့်လဲ ဆိုတော့ Customer ရှေ့မှာ ဟင်းပွဲနာမည်ကိုပြောပြီးမှချပေးရတာမို့လို့ပါ။ မပြောဘဲနှင့် ဒီအတိုင်း ချထားပေးခဲ့ပြီးထွက်သွားလို့မရပါဘူး။ အရင်ဆုံး Omataseshimashita စောင့်နိုင်းခဲ့မိပါတယ်။ ပြောပြီးရင် ဒါကတော့ ... ဟင်းပါဆိုပြီးမျက်နှာပြုံးပြုံးလေးနှင့်ချပေး။ ပြီးထွက် လာခဲ့ပေါ့။

အစပိုင်းမှာတော့ ကိုယ်က ပွင့်ပွင့်လင်းလင်း ပြောရရင် လူကြောက်တဲ့အထဲမှာလဲ ပါပါတယ်။ မှားသွားမှာ ကြောက်တဲ့စိတ်ကလည်း ကြီးစိုးနေ

တော့ဧည့်သည်များ ရောက်လာရင်ပြေးပြီး ပန်းကန်ဝင်ဆေးနေတော့တာပါပဲ တန်းချောက မရအရ ခေါ် အခဝင်းအော်ဒါတွေကောက်နိုင်း ဟင်းပွဲတွေ သွားချနိုင်းနှင့် စိတ်တွေများညစ်လိုက်ရတာ။

တပြိုင်တည်းများ ဧည့်သည်တွေဆုံ ကျပြီ ပော့ရိုလို့ကတော့ ကိုယ့်သူ့ မကယ်နိုင် သူ့ကိုယ့် မကယ်နိုင်နှင့် အတော်ဒုက္ခရောက်ရတာ။ စားပွဲခုံနံပါတ်နှင့် ဟင်းပွဲကိုမှားပြီး ချမိလိုချမိ။ အော်ဒါကောက်တော့ Table နံပါတ် မှားနိုပ်မိတာက တစ်မျိုး။ တစ်လမ်းလုံး တတွတ်တွတ်ရွတ်လာတဲ့ Table နံပါတ်နှင့် ဟင်းပွဲနာမည်က ရောက်ခါနီးမှ ဧည့်သည်တစ်ယောက်က တစ်ခုခု လှမ်းမှာလိုက်လို့ဖြစ်စေ ခေါ်လိုက်တာနှင့် Hai (はい) ဆိုတာနှင့် လက်ထဲကဟာက မေ့သွားပြန်ရော။ တစ်ခုခု လုပ်ပြီးသွားရင်လည်း ဒီတိုင်း ရပ်နေမယ်လို့တော့ မစဉ်းစားလိုက်ပါနဲ့။

တန်းချောဆီက မျက်လုံးအကြည့်က ဒိုင်းခနဲရောက်လာပါပြီ။ တစ်ခုခုကို အမြဲရှာပြီးလုပ်နေမှ သူတို့အလိုကျတာပါ။ ထိုင်ဖို့ကတော့ မစဉ်းစားလိုက်ပါနဲ့။ သူတို့ကိုယ်တိုင်လည်း ဂျူတီအချိန်ပြည့်မထိုင်သလို ထိုင်ပြီး လုပ်ရမယ့်အလုပ်လဲ တစ်ခုမှမရှိပါဘူး။

သည်လိုဆိုတော့ လူက အမြဲသတိအနေအထားနှင့် မျက်စိတွေ နားတွေဖွင့်ထားရင်းနှင့် အလုပ်လုပ်နေရင်းနှင့်ကို အလုပ်တွေကို လက်နှင့်မပြတ်သွားရလေအောင် တစ်ခုမဟုတ် တစ်ခုကို မျက်စိကလည်းရှာ၊ ဒါပြီးရင် ငါဘာလုပ်ရမလဲ၊ တစ်လက်စတည်း ငါဘာနှင့်တွဲပြီးလုပ်သွားလို့ရမလဲဆိုတာကိုအမြဲစဉ်းစားနေရပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဂျပန်လူမျိုးတွေက နှစ်ခုလောက် တစ်ပြိုင်တည်းလုပ်လို့ရမယ့်ဟာမျိုးကို နှစ်ခါခွဲလုပ်တာမျိုးကို မကြိုက်ကြပါဘူး။ တစ်လက်စတည်း ဒါလေးယူသွားပါ။

ဒါလည်း လုပ်လို့ရတယ် မဟုတ်ဘူးလား။ ဒီလိုဆိုရင် အချိန်မပုပ်တော့ဘူးပေါ့ဆိုတဲ့ စကားက နေ့တိုင်းကြားနေရတာပါ။ အလုပ်ရဲ့ အထာလည်း မသိသေးချိန် ဘာကဘယ်လိုဆိုတာလည်း မသိသေးချိန်ဆိုတော့ ယောင်ဝါးဝါးနှင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိနှင့် အတော်လေးကိုစိတ်ပင်ပန်းရတာပါ။





CamScanner

သည်လိုနှင့် တနေ့တနေ့ အလုပ်သွားခါနီးဆို မသွားချင်လို့ တစ်ယောက်ထဲ ပတ်ပြေးနေတာ။ ငါနှင့် ဒီအလုပ်နှင့်တော့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး လို့ပြီး သက်ပြင်းတွေအခါခါချ၊ အပူလုံးတွေက ရင်မှာကြွ၊ အိမ်ပြန်ရောက်ရင်လည်း ဘာမှမလုပ် နိုင်ပဲ မီးနူးအမည် နစ်ရာကျော်လောက်ကို ခန်းဂျီး တွေနှင့်တွဲကျက်၊ ရထားပေါ်မှာလည်း မီနူးတွေ ကျက်။ ညှို့သည်တွေရှေ့ရောက်ရင် အယောင် ယောင်အမှားမှားနှင့်ပြန်မေ့။ အတူလုပ်တဲ့ တရုတ်မ တွေက တစ်ခါနှင့်မှတ်မိပြီး ကိုယ်က ဘာလို့မမှတ် မိတာလည်းဆိုပြီး "အ"ရန်ကောဆိုတဲ့အကြည့်နှင့် အကြည့်ခံရတာကတစ်မျိုး။ သည်ကြားထဲ ကိုယ် နှင့်အတူ အလုပ်ဝင်တဲ့ ဗီယက်နမ်ကောင်မလေး ကအသက် ဆယ့်ရှစ်နှစ် ရုပ်ကလေးကလည်းလှ အပြောလေးကလည်း ကောင်း Irasshimase တို့ Arigatougozaimasu တို့ကိုလည်းချစ်စရာ အသံဝဲဝဲလေးနှင့်ရွှန်းရွှန်းဝေနေအောင်ပြော။ ရှိရှိ သမျှစားဖိုမှူးတွေနှင့်တန်းချောတို့ကိုလည်းပေါင်း တတ်သင်းတတ်ဆိုတော့ ကိုယ်နှင့်ယှဉ်လိုက် ရင်များအပြတ်အသတ်ကြီးကွာလိုက်ပုံများ။ ဒါပေ မယ့် အံ့ဩစရာ လူမြင်မယ့်အလုပ်ဆိုရင်တော့ အသားကုန်ကြိုးစားပြလိုက်တာ။ ပန်းကန်ဆေး တာမျိုးလို လူသိပ်မမြင်တဲ့ အလုပ်မျိုးဆိုရင်တော့ ပန်းကန်ကို တစ်ချပ်ချင်း ဆေးနေလိုက်တာမှ မိုးလင်းသွားတောင်မှ ပြီးမယ့်ပုံမပေါ်။ အဲဒီမှာ ကိုယ်က သဘောပေါက်သွားသည်။ ဩော်သည် လိုကိုးလို့။ ကိုယ်ကတော့ ရှေ့မှာလည်းသည်ပုံ၊ ကွယ်ရာမှာလည်း ဘယ်သူ မြင်မြင်မမြင်မြင် ကိုယ် လုပ်ရမယ့် အလုပ်ကို အကောင်းဆုံးဖြစ်အောင် လုပ်သည်။ မလိုအပ်ပဲနှင့်လည်း စကားတွေရွှန်း ရွှန်းဝေအောင်မပြော။ အမြဲတမ်း အလုပ်တွေ ချည်းပဲသဲကြီးမဲကြီးဖိလုပ်။ အလုပ်များများ လုပ် မိတော့ ခနခနမှား မှားပြန်ပြီဟေ့ ဆိုလျှင်ကိုယ်။ ဒါဘယ်သူလုပ်လို့မှားတာလည်းဆိုရင်အမြဲတမ်း လက်ထောင်ရတာကကိုယ်။ သည်လို ခနခန



အမှားလုပ်မိရတဲ့အထဲ နင်က စကားလည်းရလို့ ဆိုပြီး ခိုင်းလိုက်သမျှကလည်း ဟဲဗီး။ ပေးထားတဲ့ တစ်နာရီ လစာတူတာချင်းအတူတူ ကိုယ်ကခက် တာနှင့်ပင်ပန်းတာမျိုးကို တာဝန်ပေး ခံရသည်။ ဗီယက်နမ်မလေးက ကျော့ကျော့လေးနှင့် အချိန် တန်အိမ်ပြန်သွားရုံ။ ဆိုင်ကနစ်ထပ်ရှိသည်။ ပထမ ထပ်က Kitchen နှင့် ဆိုင်ကိုတွဲထားတော့ စားပွဲက အယောက် ၂၀ စာလောက်ပဲဆန့်သည်။ ကိုယ်ကိုင် ရတဲ့အပေါ်ထပ်မှာက အခန်းပြည့်ခုံတွေချည်း လူ ၁၀၀ လောက်ဆန့်သည်။ တစ်ခုခုဆိုလျှင် စစ်ဖြစ် နေသလား မှတ်ရလောက်အောင်ကို အသည်း အသန်လုပ်ရသည်။ ဗီယက်နမ်မလေးက စကား သိပ်မရသည့်အကြောင်းပြချက်နှင့် အပေါ်ထပ်ကို ခြေတစ်ခါမှမချ။ ကိုယ့်မှာတော့ ဖတ်သီလိုက်လို့ မနက်ဆို ဘယ်သူမှမရောက်ခင် ကိုယ်အရင် ရောက်ရသည်။ ပြန်တော့လည်း ဧည့်သည်အား လုံးပြန်လို့ ဆိုင်တစ်ဆိုင်လုံး သန့်ရှင်းရေးလုပ် ပြီး တံခါးပိတ် သော့ခတ်ချိန်အထိ။

သည်ကြားထဲ မျက်လုံးတွေက ကိုယ့်ကိုအမြဲ



CamScanner



> **မင်းဂျပန်ကိုလာတာ ဘာလုပ်ဖို့လဲ ပညာသင်ဖို့မဟုတ်လား။ မင်းမှာ ပိုက်ဆံမရှိတော့ဘူးဆိုရင် မင်းဂျပန်မှာ ဘယ်လို အသက်ဆက်ရှင်မှာလဲ။ ...**

တမ်းစောင့်ကြည့် ခံရသေးသည်။ တစ်ခုခုလုပ်ပြီးလို့များ ခေါင်းမမော့လိုက်နှင့် သေချာပေါက်တစ်ယောက်ယောက်နှင့် မျက်လုံးချင်းဆုံပြီသာမှတ်။ အများဆုံးဆုံရတာက ပထမဆုံးစတွေ့ခဲ့သည့် အေးစက်စက်နှင့် အရယ်အပြုံး မရှိသည့်မျက်နှာနှင့် မျက်ဝန်းတစ်စုံ ။ နောက်တစ်ခု အဆိုးဆုံးက တန်းချော။ သူဘာလုပ်နေနေ တစ်ယောက်ယောက်က အမှားတစ်ခုခု လုပ်တာနှင့် ချက်ချင်းသိသည်။ အပေါ်ထပ်မှာ အသံတစ်သံကြားတာက အစ ချက်ချင်း ရောက်လာတတ်တာက တန်းချော။ ဒါပေမယ့်ကောင်းတာတစ်ခုက ဘယ်တော့မှမဆူ။ ဖြစ်ရခြင်း အကြောင်းအရင်းကိုမေးပြီး နောက် မဖြစ်ရလေအောင် လုပ်သင့်သည်ကို ပြောပြီးတာနှင့်ပြီးပြီ။

ဒါပေမယ့် မနက်ခင်းတစ်ခုမှာ တန်းချောနှင့် အလုပ်အတူတူလုပ်နေရင်း ဒုတိယတန်းချောကို တစ်ခုခုဖေါ် ပြောလိုက်တာမြင်လိုက်ရသည်။ ခဏနေတော့ အိစံဆိုပြီး ဒုတိယတာဝန်ခံက ကိုယ့်ကို လာပြောသည်။ နင်ကြိုးစားမှုရတော့မယ် အခု အလုပ်ဝင်တဲ့ သုံးယောက်ထဲမှာ နင်အညံ့ဆုံးလို့ တန်းချောက ပြောနေတယ်။ တကိုယ်လုံးလက်ဖျားခြေဖျားတွေ အေးစက်သွားရတဲ့အထိ ကျွန်မ ရှက်ရွံ့တုန်လှုပ် သွားရပါသည်။ ကိုယ့်ဘက်မှ အတတ်နိုင်ဆုံး အကောင်းဆုံးကြိုးစားခဲ့ပေမယ့် လို့ ဒါကျွန်မအတွက် ရလဒ်တဲ့လား။ အဲဒီညက ပြန်သာလာခဲ့ရသည်။ အိမ်ပြန်လမ်းမှာ တစ်ယောက်ထဲ စိတ်ဓာတ်တွေတစစီပြိုလဲကြေကွဲ။


နောက်တစ်နေ့မနက်မှာတော့ ကျွန်မအလုပ်ထွက်ဖို့ဆုံးဖြတ်လိုက်ပြီး အလုပ်ထဲ ဝင်လာခဲ့သည်။ ဖြစ်ချင်တော့ အဲဒီနေ့ကတန်းချောအလုပ်နားရက် ဒုတိယတာဝန်ခံနှင့် အလုပ်တွဲလုပ်ရသည်။

အဲဒီမှာ မနေ့ညကအရှိန်ကြောင့် အလုပ်ထဲမှာ အမှားမှား အယွင်းယွင်း။ အကြောင်းအရာ တစ်ခုကိုပဲ နှစ်ခါသုံးခါမက ထပ်မှားမိတော့ ကျွန်မကို သူ့ရဲ့မျက်နှာ အေးစက်စက်ကြီးနှင့် ကြည့်ပြီး ဆူပါတော့သည်။သည်တော့တစ်ခွန်းထဲကျွန်မက ပြောသည်။ ငါနှင့်သည်အလုပ်နှင့် ဘယ်လိုမှ မကိုက်ညီဘူးလို့ထင်လို့ အလုပ်ကထွက်ခွင့်ပြုပါ ဆိုတော့ သူက တအံ့တသြနှင့် ကျွန်မကိုကြည့်သည်။ ငါဘယ်လိုမှ ဆက်မလုပ်နိုင်တော့ဘူး။ သည်အလုပ်မှာလည်း ငါမပျော်တော့ဘူး။

ကျွန်မပြောတာကို သူဆုံးအောင် နားထောင်ပြီးမှ တစ်လုံးချင်း ပြောသည်။ မင်းဂျပန်ကိုလာတာ ဘာလုပ်ဖို့လဲ ပညာသင်ဖို့မဟုတ်လား။ မင်းမှာ ပိုက်ဆံမရှိတော့ဘူးဆိုရင် မင်းဂျပန်မှာ ဘယ်လို အသက်ဆက်ရှင်မှာလဲ။ မင်းတိုင်းပြည်ကိုပြန်ရဲ

ကလွဲပြီး တခြားရွေးစရာလမ်းမရှိဘူး။

ကျွန်မနဲ့တော့ တွေ့ဝေသွားပါသည်။ ငါ တခြားအလုပ်ကို ရှာလုပ်မှာပေါ့။ သူပြုံးသည်။ ဒီစီ စားသောက်ဆိုင်မှာ လုပ်တယ်ဆိုတာ အပွင့်လင်း ဆုံးပြောလိုက်မယ် ကိုယ့်အတွက် စားဖို့ပူစရာ မလိုဘူး စားရိတ်ငြိမ်းတယ်။ မင်းစားသောက်ဆိုင် မှာလုပ်တတ်သွားရင် စားရိတ်ငြိမ်း ပိုက်ဆံအသား တင်ရမယ်။ တခြားအလုပ်တွေမှာ ထမင်းစားဖို့ အတွက် မင်းစိတ်ပူရမယ်လေ။ ဥပမာ မင်းမှာ ပိုက်ဆံမရှိတော့ဘူးဆိုတဲ့ အနေအထားမျိုးမှာ တောင် ခရီးစရိတ်ရှိရင် ထမင်းဗူးပြင်စရာမလိုပဲ အလုပ်လာလို့ရတာဆိုလို့ စားသောက်ဆိုင်တစ်ခု ပဲရှိတယ်။ မင်းမှတ်ထားသည်အလုပ်နှင့် မကိုက် ညီဘူးဆိုတဲ့ လူဟာဘယ်အလုပ်နှင့်မှလည်း ကိုက်ညီမှာ မဟုတ်ဘူး။ မင်းသင်လက်စပညာကို ကြိုးစားသင်ယူပါ။ တပိုင်းတစဖြစ်သွားမယ်ဆိုရင် ကုန်သွားမယ့်အချိန်တွေကို မင်းနမြောပါ။ အခုနေ အလုပ်ကထွက်သွားပြီး တခြားအလုပ်တစ်ခုကို မင်းလုပ်မယ်ဆိုရင် မင်းရဲ့တောက်လျှောက်လုပ်



ခဲ့ရသမျှပင်ပန်းခဲ့ရသမျှတွေ အားလုံးဟာ အချည်း နှီးဖြစ်သွားပြီ။ မင်းကိုငါပြောတယ်ဆိုတာ မင်းကို တော်စေချင်လို့၊ ကောင်းစေချင်လို့ပဲ။ မင်းကို အသေးစိတ်ကအစ ငါလိုက်ပြီး ဆူပူနေတာတွေ ဟာမင်းအပေါ် စေတနာထားလို့ပဲ။ ငါစေတနာ သာမထားဘူးဆိုရင် မင်းကိုလိုက်ပြီး သင်ပေး နေစရာ ဆူပူနေစရာအကြောင်းမရှိဘူး။

မင်းကိုငါက လွယ်လွယ်နှင့် အခုလိုအရှုံးပေး သွားမယ့် လူမျိုးတစ်ယောက်မဟုတ်ဘူး လို့ထင်ခဲ့ မိတာ။

ပြောပြီး လှည့်ထွက်သွားတဲ့ ကျောပြင်တစ်ခု ကိုငေးကြည့်ပြီး ကျွန်မအစကနေ အခုချိန်အထိ သူကျွန်မအပေါ်မှာ သင်ပြပြောဆိုခဲ့ပုံတွေကို အားလုံး ပြန်မြင်ယောင်လာမိပါတယ်။ ရောက် ပြီးနောက်တစ်နေ့မှာ အချိန်တိုတိုနှင့် အရောက် ပြန်နိုင်မယ့် ရထားလမ်းကြောင်းကို ရှာပေးခဲ့ပြီး ဘူတာနားအထိ လိုက်ပို့ပေးခဲ့တာ။ ဗီယက်နမ် မလေးကိုတော့ အရောတဝင်နှင့် သင်ပြပေးခြင်း မရှိပဲ ကိုယ့်ကိုဆို တန်းချောမသိအောင်တိုးတိုး တစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး၊ ကွယ်ရာမှာ တစ်မျိုး အကုန်လုံးကိုသိအောင် တတွတ်တွတ် ပြောပြီး သင်ပေးနေခဲ့တာ၊ မှားသွားရင်တန်းချော ကမဆူပေမယ့် သူကမျက်နှာကြီးပုတ်ပြီးဆူတာ၊ အမြဲတမ်း အေးစက်စက် မျက်လုံးတစ်စုံနှင့် ကိုယ့် ကိုကြည့်နေခဲ့ပြီး လိုအပ်ချက်နှင့် အမှားတွေကို ထောက်ပြအားမနာတမ်း ဝေဖန်ပြောဆိုလေ့ရှိတာ။ အလုပ်တစ်ခုကိုသင်ပေးရင်လုပ်ပုံလုပ်နည်းထက် တွေးခေါ် ပုံတွေးခေါ် နည်းကိုအရင်သင်ပေးပြီး တော့မှ ဖြစ်လာနိုင်တဲ့ ကောင်းကျိုးဆိုးကျိုးတွေ အထိပါ လိုက်တွေးတတ်အောင် သင်ပေးခဲ့တာ။

ကြီးကြီးမားမားတာဝန်တွေဆိုကိုယ့်ကိုပေးခိုင်း ပြီး အတူလိုက်လုပ်ပေးခဲ့တာ။ ကိုယ်မှားတဲ့အမှား တွေဆိုရင်လည်း သူပါလိုက်ပြီး တန်းချောအဆူခံ ခဲ့တာတွေကို ပြန်တွေးလိုက်မိတော့ ကိုယ့်အပေါ် သူဖြစ်စေချင်ခဲ့တာတွေကို တရေးရေးမြင်ယောင်



CS CamScanner

**“ စားသောက်ဆိုင်ဆိုတာ မင်းတို့လို ဂျပန် စာသင်နေတဲ့ကျောင်းသားတွေအတွက် ပညာတွေ အများကြီးရနိုင်တဲ့နေရာမျိုး၊ ဘာသာစကားတိုးတက်ဖို့ အခွင့်လမ်းတွေ လည်းရှိနေတဲ့နေရာမျိုး ဒီမှာ ...**

ရင်းသဘောပေါက် လာခဲ့သည်။

အဲဒီနေ့က နေ့လည်ခင်းမှာ သူကိုယ်တိုင် ဖွဲ့ဝင်ပြီး ကျွန်မစားဖို့ နေ့လည်စာကို တသီး တသန့်ချက်ပေးသည်။ ကိုယ်ကဝက်သား၊အမဲသား စားသည့်သူဆိုတာကို အမှတ်ရစွာနှင့်သေချာ ချက်ကျွေးသည်။ ညနေခင်းရောက်တော့ လုစ်ခန် ပျောက်သွားသည်။ အလုပ်ပြီးသွားတော့ အိစံ လာဦးဟုခေါ်သည်။ ပြီးတော့ အတူအလုပ်ဝင် ထားသည့် ဗီယက်နမ်ကောင်လေးကိုလည်း ခေါ် သည်။ အဲဒီနေ့က ဗီယက်နမ်ကောင်လေး ဘားရက်ဆိုတော့မရှိ။ ပြီးတော့ ကိတ်မုန့်ဗူးလေး ကိုစားပွဲပေါ်သို့ချပေးသည်။ အိစံကြိုက်တာတစ်ခု ကို အရင်ဆုံးရွေး။ လှလှပပကိတ်မုန့်လေးကိုကျွန်မ ရွေးအပြီးမှာ ဗီယက်နမ်ကောင်မလေးကို တစ်ခု ရွေးခိုင်းသည်။ နောက်ဆုံးကျန်တာလေးကိုမှ သူယူ သည်။ သည်နေ့ မင်းတို့အရမ်းပင်ပန်းခဲ့ကြလို့ ငါ ကျွေးပေးတာပါ။ မင်းတို့ စိတ်ရောကိုယ်ပါ ပင်ပန်းခံပြီး ဒီဆိုင်မှာ အလုပ်လုပ်နေကြရတာ ငါသိပါတယ်။ ဒါကြောင့် အခုလို မုန့်ဝယ်ကျွေး တာပါ။ ဆက်ပြီးတော့ကြိုးစားကြပါ။ စားသောက် ဆိုင်ဆိုတာ မင်းတို့လို ဂျပန်စာသင်နေတဲ့ကျောင်း သားတွေအတွက် ပညာတွေ အများကြီးရနိုင်တဲ့ နေရာမျိုး၊ ဘာသာစကားတိုးတက်ဖို့ အခွင့်လမ်း တွေလည်းရှိနေတဲ့နေရာမျိုး၊ ဒီမှာအလုပ်လုပ်နိုင် သွားရင် မင်းတို့အတွက် အလုပ်ဆိုတာမရှားတော့ ဘူး၊ သည်အလုပ်ကို သိမ်ငယ်တယ်လို့လည်း မထင်ပါနှင့်။ ဒီနေရာမှာ မင်းတို့ဘဝအတွက် ပညာ တွေသင်ပေးလိုက်နိုင်တဲ့ ကျောင်းတစ်ကျောင်းလို့ ခံယူပြီး သေချာအသုံးချနိုင်အောင် ကြိုးစားပြီး သင်ယူသွားကြပါလို့ ဆိုပါတယ်။

အဲဒီအချိန်မှာ သူကျွန်မကို ဘာကိုသိစေချင် လည်းဆိုတာကို သဘောပေါက်သွားပါပြီ။

ကျွန်မ သူ့ကိုကျေးဇူးတင်စကားကို ရိုရိုသေ သေနှင့် လေးလေးနက်နက် ပြောလိုက်ပါတယ်။ သူ့နာမည်က ဂျပန်လိုဆိုရင် အအိုးအိစံလို့ခေါ် ရမှာဖြစ်ပေမယ့်လို့ အားလုံးကတော့ တရုတ်အသံ ထွက်နှင့်ရောပြီး "အောင်"လို့ ခေါ်ကြပါတယ်။ ကျွန်မသူ့ကိုပြောလိုက်ပါတယ်"အောင်"ငါအလုပ် မထွက်တော့ပါဘူး။ မနက်ဖြန်မနက်ကစပြီး ငါ အကောင်းဆုံး ကြိုးစားပါ့မယ်။ မင်းယုံကြည့်ခဲ့ သလိုမျိုး ငါဟာလွယ်လွယ်နှင့်အရှုံးပေးပြီးထွက် သွားတတ်တဲ့သူ မဟုတ်ဘူးဆိုတာ မင်းဆက်ပြီး ယုံကြည်ပေးပါလို့။

အဲဒီအခါမှာ သူပြုံးပါတယ်။ ပထမဆုံး သူ့ဆီ ကမြင်လိုက်ရတဲ့ နွေးထွေးတဲ့အပြုံးမျိုးပါ။

အဲဒီညက စားခဲ့ရတဲ့ကိတ်မုန့်လေးဟာ ကျွန်မ ဘဝမှာ အချိုမြိန်ဆုံးပါပဲ။ ဂျပန်လူမျိုးတစ်ယောက် ရဲ့ကိုယ့်အပေါ်မှာထားတဲ့ စေတနာတစ်ခုကို နက် နက်ရှိုင်းရှိုင်း သိမြင်ခံစားလိုက်ရတဲ့ အဲဒီနေ့လေး ကို ကျွန်မဘယ်တော့မှ မမေ့တော့ပါဘူး။ အဲဒီည က အပြန်လမ်းမှာ တစ်ကိုယ်လုံးပေါ့ပါးလို့ ကိုယ့် ကိုယ်ကို ယုံကြည်မှုတွေအပြည့်နှင့် ဘာမဆိုရင် ဆိုင်ရဲဖို့ အသင့်ဖြစ်နေတဲ့ စစ်သူရဲကောင်းတစ် ယောက်လိုမျိုး ကျွန်မနောက်နေ့တွေမှာ စစ်ပွဲ တစ်ခုကို ဆင်နွှဲဖို့ အသင့်ဖြစ်နေခဲ့ပါပြီ။

စာလည်းနဲနဲရှည်သွားပြီ ဖြစ်တဲ့အတွက် ကြောင့် ကျွန်မတိုက်ခဲ့ရတဲ့ စစ်ပွဲတွေအကြောင်း ကိုတော့ နင်လားဟဲ့ ဂျပန် အပိုင်း (၄) မှာ ဆက်လက်ရှုစားပေးကြပါလို့...။



CS CamScanner